ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ညွှန်ကြားချက်အမှတ်( ၁ /၂၀၂၄)
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

## အာမခံစာရင်းဆိုင်ရာ ညွှန်ကြားချက်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ၁၉၉၆ ခုနှစ် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၃၈ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၁၉၉၇ ခုနှစ် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် နည်းဥပဒေများ ၁၀ (က) နှင့်အညီ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံစာရင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများသတ်မှတ်ရန်အတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**သက်ဆိုင်ခြင်း**

၁။ ဤညွှန်ကြားချက်သည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအရ အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့က လိုင်စင်ပေးအပ်ထားသည့် အာမခံလုပ်ငန်းလုပ်ကိုင်သူများနှင့် သက်ဆိုင်စေရမည်။

**ရည်ရွယ်ချက်**

၂။ ဤညွှန်ကြားချက်သည် အာမခံလုပ်ငန်း လုပ်ကိုင်သူ၏ ဘဏ္ဍာရေး ခိုင်မာမှုရှိစေရန်အတွက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်စစ်ဆေးသည့် နည်းလမ်းတစ်ခုအနေဖြင့် အာမခံစာရင်း (Insurance Accounting) ကို အခြေခံသော ဘဏ္ဍာရေးရှင်းတမ်းများအား ဖော်ထုတ်သတ်မှတ်ရန် ရည်ရွယ်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၃။ ဤညွှန်ကြားချက်တွင် ဖော်ပြထားသည့် စကားရပ်များသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေတွင် ဖော်ပြထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း ဖြစ်စေရမည်။ အောက်ဖော်ပြပါ စကားရပ်များသည် ယှဉ်တွဲပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အာမခံစာရင်း**ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်သူအတွက် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ ပြဋ္ဌာန်းထားသော စာရင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီ၏ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသော နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards-IFRS) နှင့်အညီ ရေးဆွဲပြုစုထားသည့် စာရင်းကို ဆိုသည်။

(ခ) **အာမခံသင်္ချာပညာရှင်** (Certified Actuary - CA) ဆိုသည်မှာ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက် (၇/၂၀၂၀) အရ အာမခံလုပ်ငန်းလုပ်ကိုင်သူက အာမခံသင်္ချာ ပညာရှင်အဖြစ် ခန့်အပ်ခြင်းခံရသူကို ဆိုသည်။

(ဂ) **အာမခံပေါ်လစီပိုင်ရှင် အမြတ်ဝေစုများ** (Policyholder Dividends) ဆိုသည်မှာ အာမခံပေါ်လစီ စည်းမျဉ်းစည်းကမ်းအရ ပေါ်လစီပိုင်ရှင်က ပေးထားသည့် ပရီမီယံအပေါ်တွင် အချိုးတစ်ခုအနေဖြင့် အာမခံလုပ်ငန်းလုပ်ကိုင်သူက အာမခံပေါ်လစီပိုင်ရှင်သို့ ပေးအပ်သည့်ငွေကို ဆိုသည်။

**အာမခံစာရင်း**

၄။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ဘဏ္ဍာရေးနှစ်အလိုက် အာမခံစာရင်းဆိုင်ရာ ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ပြင်ဆင်ရေးဆွဲရမည်။

၅။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်းများကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၃၃ (င) အရ တင်ပြရန်လိုအပ်သော အစီရင်ခံစာတစ်ခုအနေဖြင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် (၄) လအတွင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ တင်ပြရမည်။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ရှောင်လွှဲ၍မရသော အခြေအနေများကြောင့် အာမခံစာရင်းဆိုင်ရာ ဘဏ္ဍာရေးရှင်းတမ်းများကို တင်ပြရန် ကြန့်ကြာမှုဖြစ်နိုင်ခြေရှိပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားရမည်။

၆။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ဝင်ငွေခွန်ဥပဒေ၊ ၎င်းဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်းများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဝင်ငွေခွန်ကို တွက်ချက်ရမည်။

**ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း**

၇။ ဘဏ္ဍာရေးနှစ်အကုန်တွင် အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီများအရ အနာဂတ်တွင် ပေးချေရန်တာဝန်ရှိမှုအတွက် ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၏ ပေးရန်တာဝန်ရှိမှု အပိုင်းတွင် အာမခံတွက်ချက်မှု ဆိုင်ရာလျာထားချက်များ (Technical Provisions) ကို သီးသန့်ထားရှိရမည်။

၈။ အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်းအား အခြားစာရင်းတွက်ချက်မှုနည်းလမ်းများအပေါ် အခြေခံပြီး စာရင်းကိုက်ညှိ၍ ရေးဆွဲသည့်အခါတွင် ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှစ်ခု၏ စုစုပေါင်း ပေးရန်တာဝန်ရှိမှုများ (total amount of liabilities) နှင့် အသားတင်ရရန်ပိုင်ခွင့်များ (net assets) အကြား ခြားနားချက်ကို အသားတင်ရပိုင်ခွင့်များအပိုင်းတွင် ပြန်လည်တန်ဖိုးဖြတ်ထားသည့် ရန်ပုံငွေအဖြစ် စာရင်းတင်နိုင်သည်။

၉။ အာမခံစာရင်းအရ အာမခံလုပ်ငန်းလုပ်ကိုင်သူက လက်ခံထားသော အာမခံပေါ်လစီ အားလုံးအတွက် အာမခံတွက်ချက်မှုဆိုင်ရာလျာထားချက် (Technical Provisions) အားလုံးကို ၎င်း၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရှိ ပေးရန်တာဝန်ရှိမှုများအပိုင်းတွင် အာမခံသင်္ချာနည်းဖြင့် တွက်ချက်၍ သီးသန့်လျာထားပြီးပါက အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသားတင်ရရန်ပိုင်ခွင့်များတွင် ပါဝင်သည့် အောက်ဖော်ပြပါ ရန်ပုံငွေများကို ထိန်းသိမ်းထားသည့်ငွေ (Retained Earnings) စာရင်းသို့ လွှဲပြောင်းနိုင်သည်-

(က) အသက်အာမခံရန်ပုံငွေလျာထားချက်၊

(ခ) အထွေထွေအာမခံရန်ပုံငွေလျာထားချက်၊

(ဂ) အထွေထွေသီးသန့်ရန်ပုံငွေလျာထားချက်နှင့်

(ဃ) အခြားရန်ပုံငွေလျာထားချက်များ။

**အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း**

၁၀။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီပိုင်ရှင် (policyholder) ထံမှ အာမခံပရီမီယံအဖြစ် လက်ခံထားရှိသည့် ပမာဏအားလုံးကို အာမခံအမျိုးအစားမခွဲခြားဘဲ ၎င်း၏ အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် ဝင်ငွေအဖြစ် စာရင်းတင်ရမည်။

၁၁။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီပိုင်ရှင်သို့ ပေးချေပြီးသည့် အာမခံလျော်ကြေးပမာဏအားလုံးကို အာမခံအမျိုးအစားမခွဲခြားဘဲ ၎င်း၏ အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် အသုံးစရိတ်အဖြစ် စာရင်းတင်ရမည်။

၁၂။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် တစ်ဆင့်အာမခံပေါ်လစီများအရ အာမခံလုပ်ငန်းလုပ်ကိုင်သူမှ တစ်ဆင့်အာမခံလုပ်ငန်းလုပ်ကိုင်သူထံ ပေးချေပြီးသည့် တစ်ဆင့်အာမခံပရီမီယံကို ၎င်း၏ အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် မူလပရီမီယံဝင်ငွေမှ နုတ်ယူ၍ သီးခြားစာရင်းတင်ရမည်။

၁၃။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် တစ်ဆင့်အာမခံပေါ်လစီများအရ တစ်ဆင့်အာမခံလုပ်ငန်းလုပ်ကိုင်သူမှ အာမခံလုပ်ငန်းလုပ်ကိုင်သူထံ ပေးချေသည့် တစ်ဆင့်အာမခံလျော်ကြေးကို ၎င်း၏ အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် မူလပေးချေရန်လျာထားသည့် အသုံးစရိတ်များမှ ခုနှိမ်၍ သီးခြားစာရင်းတင်ရမည်။

၁၄။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံအမျိုးအစားများ ရောင်းချခြင်းနှင့် သက်ဆိုင်သည့် ကော်မရှင်ပေးချေမှုများနှင့် အခြားပေးချေမှုများကို ၎င်း၏အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းတွင် အသုံးစရိတ်အဖြစ် စာရင်းတင်ရမည်။

၁၅။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ယခင် ဘဏ္ဍာရေးနှစ်အကုန်တွင် ပေးရန်တာဝန်ရှိမှုများအဖြစ် စာရင်းတင်ထားသည့် ပေါ်လစီလျာထားငွေ လက်ကျန်နှင့် လက်ရှိဘဏ္ဍာရေးနှစ်အကုန်တွင် ပေးရန် တာဝန်ရှိမှုများအဖြစ် စာရင်းတင်ထားသည့် ပေါ်လစီလျာထားငွေ လက်ကျန်တို့ ခြားနားချက်အရ ဖြစ်ပေါ်လာသော ပေါ်လစီလျာထားငွေ တိုးလာခြင်း သို့မဟုတ် လျော့နည်းခြင်းတို့ကို အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းတွင် ဝင်ငွေ သို့မဟုတ် အသုံးစရိတ်အဖြစ် စာရင်းတင်ရမည်။

၁၆။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ယခင် ဘဏ္ဍာရေးနှစ်အကုန်တွင် ပေးရန်တာဝန်ရှိမှုများအဖြစ် စာရင်းတင်ထားသည့် ပေးရမည့် လျော်ကြေးလျာထားငွေ လက်ကျန်နှင့် လက်ရှိဘဏ္ဍာရေးနှစ် အကုန်တွင် ပေးရန်တာဝန်ရှိမှုများအဖြစ် စာရင်းတင်ထားသည့် ပေးရမည့် လျော်ကြေးလျာထားငွေ လက်ကျန်တို့ ခြားနားချက်အရ ဖြစ်ပေါ်လာသော ပေးရမည့် လျော်ကြေးလျာထားငွေတိုးလာခြင်း သို့မဟုတ် လျော့နည်းခြင်းတို့ကို အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် ဝင်ငွေ သို့မဟုတ် အသုံးစရိတ်အဖြစ် စာရင်းတင်ရမည်။

၁၇။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ယခင် ဘဏ္ဍာရေးနှစ်အကုန်တွင် ပေးရန်တာဝန်ရှိမှုများအဖြစ် စာရင်းတင်ထားသည့် အာမခံနှင့်သက်ဆိုင်သည့်အခြားလျာထားချက်များ လက်ကျန်နှင့် လက်ရှိ ဘဏ္ဍာရေးနှစ် အကုန်တွင် ပေးရန်တာဝန်ရှိမှုများအဖြစ် စာရင်းတင်ထားသည့် အာမခံနှင့်သက်ဆိုင် သည့် အခြားလျာထားချက်များ လက်ကျန်တို့ ခြားနားချက်အရ ဖြစ်ပေါ်လာသော အာမခံနှင့်သက်ဆိုင် သည့် အခြားလျာထားချက်များ တိုးလာခြင်း သို့မဟုတ် လျော့နည်းခြင်းတို့ကို အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် ဝင်ငွေ သို့မဟုတ် အသုံးစရိတ်အဖြစ် စာရင်းတင်ရမည်။

**အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်ရှိမှုများ**

၁၈။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ဘဏ္ဍာရေးနှစ်အကုန်တွင် အာမခံပေါ်လစီများအရ အနာဂတ် တွင် ပေးချေရန်တာဝန်ရှိမှုအတွက် အာမခံတွက်ချက်မှုဆိုင်ရာ လျာထားချက်များ (Technical Provisions) ကို ၎င်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၏ ပေးရန်တာဝန်ရှိမှုများအပိုင်းတွင် သီးသန့် လျာထားရမည်။

၁၉။ **အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူ**သည် ဘဏ္ဍာရေးနှစ်အကုန်တွင် အောက်ပါအမျိုးအစားများ အရ အာမခံတွက်ချက်မှုဆိုင်ရာ လျာထားချက်များ (Technical Provisions) ကို သီးသန့် လျာထားရမည်-

- (က) အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ (actuarial provisions)၊
- (ခ) ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံလျာထားချက် (Unearned Premium Reserve - UPR)၊
- (ဂ) ပေးရမည့် လျော်ကြေးလျာထားချက် (outstanding claims provision)၊

(ဃ) အစီရင်မခံရသေးသည့် လျော်ကြေးကျသင့်မှုများ (Incurred But Not Reported Claims -IBNR) နှင့်

(င) အာမခံနှင့်သက်ဆိုင်သည့် အခြားလျာထားချက်များ (other insurance provisions)

၂၀။ **အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူ**သည် ဘဏ္ဍာရေးနှစ်အကုန်တွင် အောက်ပါ အမျိုးအစားများအရ အာမခံဆိုင်ရာလျာထားချက်များ (Technical Provisions) ကို သီးသန့်ထားရှိရမည်-

(က) ဝင်ငွေအဖြစ် မသတ်မှတ်ရသေးသည့် ပရီမီယံလျာထားချက် (Unearned Premium Reserve - UPR)၊

(ခ) ပေးရမည့် လျော်ကြေးလျာထားချက် (outstanding claims provision)၊

(ဂ) အစီရင်မခံရသေးသည့် လျော်ကြေးကျသင့်မှုများ (Incurred But Not Reported Claims - IBNR)၊

(ဃ) အာမခံနှင့်သက်ဆိုင်သည့် အခြားလျာထားချက်များ (other insurance provisions)

၂၁။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီအားလုံး၏ အနာဂတ်တွင် ပေးရန်တာဝန်ရှိမှုများကို လုံလောက်မှုရှိစေရန်အတွက် ပေါ်လစီလျာထားငွေများနှင့် ပေးရမည့် လျော်ကြေးလျာထားငွေများကို တန်ဖိုးသင့်ထားရမည်။ {အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ (actuarial provisions) နှင့် ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံလျာထားချက် (UPR) တို့နှင့်စပ်လျဉ်း၍ တန်ဖိုးသင့်ရန် လိုအပ်သော အာမခံပေါ်လစီများကို အပိုဒ် ၂၅ နှင့် ၂၉ တို့တွင် သီးခြားဖော်ပြထားပါသည်။}

၂၂။ အာမခံပေါ်လစီအား တစ်ဆင့်အာမခံလုပ်ငန်းလုပ်ကိုင်သူသို့ လုပ်ငန်းအပ်နှံသည့်အခါတွင် အာမခံလုပ်ငန်းလုပ်ကိုင်သူသည် တစ်ဆင့်အာမခံထားသည့် လုပ်ငန်းအပိုင်းနှင့် သက်ဆိုင်သော ပေါ်လစီလျာထားငွေများနှင့် ပေးရမည့်လျော်ကြေးလျာထားငွေများကို သီးသန့်လျာထားမှု မပြုရ။

၂၃။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီများအရ အနာဂတ်တွင် ပေးရန်တာဝန်ရှိမှုများအတွက် အာမခံနှင့်သက်ဆိုင်သည့် အခြားလျာထားချက်များ (other insurance provisions) ကို သီးသန့်လျာထားရန် လိုအပ်ပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနထံသို့ တင်ပြရမည်။

**အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ပေါ်လစီ သီးသန့်လျာထားငွေများ**

၂၄။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ (actuarial provisions) သည် အာမခံပေါ်လစီများအရ အနာဂတ်တွင် ပေးရန်တာဝန်ရှိမှုများကို ဆောင်ရွက်ပေးရန်အတွက် အာမခံသင်္ချာနည်းဖြင့် အခြေခံ၍ တွက်ချက်ထားသည့် ပမာဏဖြစ်သည်။

၂၅။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူများသည် အာမခံထားရှိသည့်ကာလ တစ်နှစ်ထက်ပိုသော နှစ်ရှည်အာမခံပေါ်လစီများကို အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ (actuarial

provisions) အဖြစ် စာရင်းရေးသွင်းရန် လိုအပ်သည်။ သို့ရာတွင် အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူသည် တစ်နှစ်အောက် အာမခံပေါ်လစီများအား အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက် (Actuarial Provision) များအဖြစ် စာရင်းရေးသွင်းရန်မလိုအပ်ပါ။

၂၆။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ အာမခံသင်္ချာနည်းဖြင့် တွက်ချက် လျာထားချက်များ (actuarial provisions) ကို တွက်ချက်မည့် သီးသန့်လျာထားမှုနည်းလမ်း၊ သေဆုံးမှုနှုန်း စံသတ်မှတ်ချက်နှင့် ယူဆချက်များအတွက် အောက်ပါသတ်မှတ်ချက်များအား အသုံးပြုရမည်-

(က) အာမခံသင်္ချာနည်းဖြင့် တွက်ချက် လျာထားချက်များ **(actuarial provisions)** အတွက် သီးသန့်လျာထားမှု နည်းလမ်းသည် စုစုပေါင်းပရီမီယံတန်ဖိုးသင့်သည့် နည်းလမ်း **(Gross Premium Valuation)** ဖြစ်ရမည်။

(ခ) အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ **(actuarial provisions)** အား အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံပေါ်လစီများနှင့်စပ်လျဉ်းသည့် အနာဂတ်တွင် ပေးချေရမည့် လျော်ကြေးငွေနှင့် အနာဂတ်တွင် ကျခံရမည့် လုပ်ငန်းလည်ပတ်မှု အသုံးစရိတ်များပါဝင်သည့် **ငွေအထွက်စာရင်း (Cash Outflow)** ၏ စုစုပေါင်းလက်ရှိတန်ဖိုးမှ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံပေါ်လစီများအား အခြေခံ၍ အနာဂတ်တွင် ရရှိနိုင်မည့် စုစုပေါင်းပရီမီယံဝင်ငွေ ဖြစ်သည့် **ငွေအဝင်စာရင်း (Cash Inflow)** ၏ စုစုပေါင်းလက်ရှိတန်ဖိုးကို နှုတ်ခြင်းဖြင့် တွက်ချက်ရမည်။

(ဂ) အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ မျှော်မှန်းသည့်နှုန်းနှင့် အမှန်ရှိသည့်နှုန်းအကြား ကွဲလွဲမှု မသေချာသည့်အတွက် အမြတ်အစွန်းကို ထည့်တွက်ပြီး အာမခံသင်္ချာနည်းဖြင့် လျာထားချက် **(actuarial provisions)** ကို တွက်ချက်ရာတွင် အသုံးပြုသော ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရချက်နှုန်း **(IRR)** သည် အာမခံလုပ်ငန်း လုပ်ကိုင်သူ၏ ရေရှည်အကျိုးအတွက် မျှော်မှန်းချက်များ၊ အမျိုးမျိုးသော စာရင်းအင်း အချက်အလက်များနှင့် လက်ရှိအနေအထားကို အခြေခံထားသော အချက်အလက် များကို အခြေခံ၍ တွက်ချက်ထားသည့် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုမှ ပြန်ရချက်နှုန်းကို ၀.၈ ဖြင့် မြှောက်ထားသည်ထက် မကျော်လွန်ရ။

(ဃ) အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ မျှော်မှန်းသည့်နှုန်းနှင့် အမှန်ရှိသည့်နှုန်းအကြား ကွဲလွဲမှု မသေချာသည့်အတွက် အမြတ်အစွန်းကို ထည့်တွက်ပြီး အာမခံသင်္ချာနည်းဖြင့် လျာထားချက် **(actuarial provisions)** ကို တွက်ချက်ရာတွင် အသုံးပြုသော ခန့်မှန်းသေဆုံးမှုနှုန်းသည် အာမခံလုပ်ငန်း လုပ်ကိုင်သူ၏ ရေရှည်အကျိုးအတွက် မျှော်မှန်းချက်များ၊ အမျိုးမျိုးသော စာရင်းအင်းအချက်အလက်များနှင့် လက်ရှိအနေအထားကို အခြေခံထားသော အချက်အလက်များကို အခြေခံ၍ တွက်ချက်ထားသည့် အကောင်းဆုံးခန့်မှန်းသေဆုံးမှုနှုန်း **(Mortality rate)** ကို ၁.၂ ဖြင့်

မြှောက်ထားသည်ထက် မနည်းစေရ။ သို့ရာတွင် အာမခံအမျိုးအစားပေါ် အခြေခံ၍ ရရှိလာသည့် အကောင်းဆုံး ခန့်မှန်းသေဆုံးမှုနှုန်း ၀.၈ ဖြင့် မြှောက်ထားခြင်းဖြင့် ရရှိသော အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ **(actuarial provisions)** သည် အကောင်းဆုံး ခန့်မှန်းသေဆုံးမှုနှုန်း ၁.၂ ဖြင့် မြှောက်ထားခြင်းဖြင့် ရရှိသော အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ **(actuarial provisions)** ထက် ပိုများနေလျှင် အာမခံ သင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ **(actuarial provisions)** အတွက် အခြေခံအဖြစ် အသုံးပြုသော သေဆုံးမှုနှုန်းသည် ၀.၈ ဖြင့် မြှောက်ထားသည့် အကောင်းဆုံး ခန့်မှန်းသေဆုံးမှုနှုန်းထက် မကျော်လွန်ရ။

(င) အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ မျှော်မှန်းသည့်နှုန်းနှင့် အမှန်ရှိသည့်နှုန်းအကြား ကွဲလွဲမှု မသေချာသည့်အတွက် အမြတ်အစွန်းကို ထည့်တွက်ပြီး အာမခံသင်္ချာနည်းဖြင့် လျာထားချက် **(actuarial provisions)** ကို တွက်ချက်ရာတွင် အသုံးပြုသော ခန့်မှန်းရောဂါဖြစ်ပွားမှုနှုန်း **(Morbidity rate)** သည် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရေရှည်အကျိုးအတွက် မျှော်မှန်းချက်များ၊ အမျိုးမျိုးသော စာရင်းအင်း အချက်အလက်များနှင့် လက်ရှိအနေအထားကို အခြေခံထားသော အချက်အလက်များကို အခြေခံ၍ တွက်ချက်ထားသည့် အကောင်းဆုံးခန့်မှန်းရောဂါဖြစ်ပွားမှုနှုန်းကို ၁.၂ ဖြင့် မြှောက်ထားသည်ထက် မနည်းစေရ။

(စ) အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ မျှော်မှန်းသည့်နှုန်းနှင့် အမှန်ရှိသည့်နှုန်းအကြား ကွဲလွဲမှု မသေချာသည့်အတွက် အမြတ်အစွန်းကို ထည့်တွက်ပြီး အာမခံသင်္ချာနည်းဖြင့် လျာထားချက် **(actuarial provisions)** ကို တွက်ချက်ရာတွင် အသုံးပြုသော ခန့်မှန်းအသုံးစရိတ်နှုန်း **(Expense rate)** သည် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရေရှည်အကျိုးအတွက် မျှော်မှန်းချက်များ၊ အမျိုးမျိုးသော စာရင်းအင်း အချက်အလက်များနှင့် လက်ရှိအနေအထားကို အခြေခံထားသော အချက်အလက်များကို အခြေခံ၍ တွက်ချက်ထားသည့် အကောင်းဆုံးခန့်မှန်းအသုံးစရိတ်နှုန်းကို ၁.၂ ဖြင့် မြှောက်ထားသည်ထက် မနည်းစေရ။

(ဆ) အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ မျှော်မှန်းသည့်နှုန်းနှင့် အမှန်ရှိသည့်နှုန်းအကြား ကွဲလွဲမှု မသေချာသည့်အတွက် အမြတ်အစွန်းကို ထည့်တွက်ပြီး အာမခံသင်္ချာနည်းဖြင့် လျာထားချက် **(actuarial provisions)** ကို တွက်ချက်ရာတွင် အသုံးပြုသော ခန့်မှန်းပေါ်လစီပျက်နှုန်း **(Lapse rate)** သည် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရေရှည်အကျိုးအတွက် မျှော်မှန်းချက်များ၊ အမျိုးမျိုးသော စာရင်းအင်း အချက်အလက်များနှင့် လက်ရှိအနေအထားကို အခြေခံထားသော အချက်အလက်များကို အခြေခံ၍ တွက်ချက်ထားသည့် အကောင်းဆုံးခန့်မှန်းပေါ်လစီပျက်နှုန်းကို ၀.၈

ဖြင့် မြှောက်ထားသည်ထက် မကျော်လွန်ရ။ သို့ရာတွင် အာမခံအမျိုးအစားပေါ် အခြေခံ၍ ရရှိလာသည့် အကောင်းဆုံးခန့်မှန်းပေါ်လစီပျက်နှုန်းကို ၁.၂ ဖြင့် မြှောက်ထားခြင်းဖြင့် ရရှိသော အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ (actuarial provisions) သည် အကောင်းဆုံး ခန့်မှန်းပေါ်လစီပျက်နှုန်း ၀.၈ ဖြင့် မြှောက်ထားခြင်းဖြင့် ရရှိသော အာမခံသင်္ချာနည်းဖြင့် တွက်ချက် လျာထားချက်များ (actuarial provisions) ထက် ပိုများနေလျှင် အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ (actuarial provisions) အတွက် အခြေခံအဖြစ် အသုံးပြုသော ပေါ်လစီပျက်နှုန်းသည် ၁.၂ ဖြင့် မြှောက်ထားသည့် အကောင်းဆုံး ခန့်မှန်းပေါ်လစီပျက်နှုန်းထက် မနည်းစေရ။

(ဇ) အာမခံသင်္ချာနည်းဖြင့် လျာထားချက် (actuarial provisions) တွက်ချက်ရန် အခြေခံထားသည့် ဤညွှန်ကြားချက်ပါ သီးခြားပြဋ္ဌာန်းထားခြင်းမရှိသော အခြားသော အခြေခံတွက်ချက်မှုနှုန်းသည် အာမခံလုပ်ငန်း လုပ်ကိုင်သူ၏ ရေရှည်အကျိုးအတွက် မျှော်မှန်းချက်များ၊ အမျိုးမျိုးသော စာရင်းအင်းအချက်အလက်များနှင့် လက်ရှိအနေအထားကို အခြေခံထားသော အချက်အလက်များကို အခြေခံ၍ တွက်ချက်ထားသည့် အကောင်းဆုံးခန့်မှန်းချက်ဖြစ်ရမည်။

(ဈ) အပိုဒ် ၂၆ (က) မှ (ဇ) အထိ မည်သို့ပင်ဆိုစေကာမူ အာမခံအမျိုးအစားများ ခွင့်ပြုခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၃/၂၀၂၀) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မတိုင်မီ ခွင့်ပြုထားသည့် အမျိုးအစားများနှင့် စပ်လျဉ်း၍ ပရီမီယံတွက်ချက်ခြင်းအတွက် အသုံးပြုသော တွက်ချက်နည်းယူဆချက်များသည် အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ (actuarial provisions) အတွက် တွက်ချက်နည်းယူဆချက်များအဖြစ် ဆက်လက် အသုံးပြုနိုင်သည်။

(ည) အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက် (actuarial provisions) သည် မည်သည့်ပေါ်လစီအခြေအနေတွင်မဆို အမ်းငွေတန်ဖိုးနှင့် ၀ (သုည) တန်ဖိုး ထက် မလျော့နည်းရ။

၂၇။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံသင်္ချာပညာရှင်သည် အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက် (actuarial provisions) အား တွက်ချက်ရာတွင် အကောင်းဆုံးခန့်မှန်းယူဆပြီး တွက်ချက်ထားသည့် ဆုံးဖြတ်ချက်အပေါ် တာဝန်ယူရမည်ဖြစ်ပြီး အာမခံသင်္ချာပညာရှင်က လက်မှတ်ရေးထိုးအတည်ပြုထားရမည်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ လိုအပ်သည့် အချက်အလက်များအား တောင်းဆိုလာပါက ပြန်လည်တင်ပြရမည်။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ၎င်းခန့်အပ်ထားသော အာမခံသင်္ချာပညာရှင် မရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းအရာများကြောင့်ဖြစ်စေ လက်မှတ်ရေးထိုးတင်ပြနိုင်ခြင်းမရှိလျှင် အထက်တွင် ဖော်ပြထားသည့် အကောင်းဆုံး

ခန့်မှန်းယူဆပြီး တွက်ချက်ထားမှုသည် ပရီမီယံကြေးသတ်မှတ်သည့်အခါတွင် အကောင်းဆုံး ခန့်မှန်းဈေးနှုန်းယူဆချက်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၈။ အသက်အာမခံလုပ်ငန်း လုပ်ကိုင်သူများ၏ ဝင်ငွေအဖြစ်မသတ်မှတ်သည့် ပရီမီယံ လျာထားချက် (UPR) ဆိုသည်မှာ ဘဏ္ဍာရေးနှစ်အကုန်၌ စုစုပေါင်း ပရီမီယံဝင်ငွေ၏ အစိတ်အပိုင်း အဖြစ် သက်တမ်းမကုန်ဆုံးသောပေါ်လစီကို တွက်ချက်ထားသည့် ပရီမီယံ ပမာဏကို ဆိုသည်။

၂၉။ အာမခံသက်တမ်း တစ်နှစ်နှင့် တစ်နှစ်အောက်ဖြစ်သည့် နှစ်တို အာမခံပေါ်လစီများကို အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေအဖြစ်မသတ်မှတ်သည့် ပရီမီယံလျာထားချက် (UPR) တွင် စာရင်းသွင်းရမည်။

၃၀။ အသက်အာမခံလုပ်ငန်း လုပ်ကိုင်သူများ၏ ဝင်ငွေအဖြစ်မသတ်မှတ်သည့် ပရီမီယံ လျာထားချက် (UPR) ကို သက်တမ်းရှိသည့် ရက်ဖြင့် အခြေခံပြီး တွက်ချက်ရာတွင် (၃၆၅) ရက် နည်းလမ်းအား အသုံးပြု၍ တွက်ချက်ရမည်။

၃၁။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အထက်တွင် သတ်မှတ်ထားသော ပေါ်လစီ လျာထားငွေများသည် အနာဂတ်တွင် တာဝန်ရှိမှုများကို လုံလောက်မှုမရှိနိုင်ဟု ယုံကြည်လျှင် အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ပေါ်လစီလျာထားငွေများကို ထပ်မံတိုးမြှင့်မည်ဖြစ်ကြောင်း ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။

၃၂။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ပေါ်လစီလျာထားငွေများအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် အထက်တွင် သတ်မှတ်ထားသော နည်းလမ်းမှလွဲ၍ အခြားတွက်ချက်မှု နည်းလမ်းများနှင့် ယူဆချက်များကို အသုံးပြု၍ တွက်ချက်ထားလျှင် အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်း တင်ပြသည့်အချိန်တွင် အောက်ပါအချက်အလက်များကို ဖော်ပြပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်-

(က) ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသည့် အခြားတွက်ချက်မှုနည်းလမ်းများကို အသုံးပြုလျှင် ယင်းတွက်ချက်မှုနည်းလမ်းများနှင့် တွက်ချက်မှုယူဆချက်များ၏ အမျိုးအမည်ကို ဖော်ပြရမည်။ ("တွက်ချက်မှုနည်းလမ်းများ" ဆိုသည်မှာ ပေါ်လစီ လျာထားငွေပမာဏကို တွက်ချက်ရန် နိုင်ငံတကာအသိအမှတ်ပြုထားသည့် အာမခံ သင်္ချာပညာအသိုင်းအဝိုင်းမှ ယေဘုယျအသုံးပြုသော တန်ဖိုးဖြတ်တွက်ချက်မှု နည်းလမ်းများဖြစ်ပြီး အသားတင် ပရီမီယံတန်ဖိုးဖြတ်တွက်ချက်မှုနည်းလမ်း **(Net Premium Valuation method-NPV)**၊ ဇေးလ်မားနည်းလမ်း **(Zilmer method)** နှင့် ငွေသားစီးဆင်းမှု ခန့်မှန်းတွက်ချက်မှုနည်းလမ်း **(Cashflow Projection method)** စသည်တို့ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ "တွက်ချက်မှု ယူဆချက်များ"သည် တွက်ချက်မှု နည်းလမ်းများရှိ မသေချာမရေရာသောကိန်းရှင်များကို ခန့်မှန်းရန်အတွက်

အသုံးပြုသော အာမခံသင်္ချာပညာဆိုင်ရာ ယူဆချက်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။) သို့မဟုတ်

(ခ) ယေဘုယျအားဖြင့် အသိအမှတ်မပြုထားသည့် အခြားတွက်ချက်မှုနည်းလမ်းများကို အသုံးပြုလျှင် တွက်ချက်မှုနည်းလမ်းများနှင့် တွက်ချက်မှုယူဆချက်များကို အကြောင်း အကျိုး ခိုင်မာစွာဖြင့် ဖော်ပြရမည်။ ("တွက်ချက်မှုနည်းလမ်းများ" သည် အပိုဒ်ခွဲ (က) တွင် အကျုံးမဝင်ပါက ပေါ်လစီလျာထားငွေပမာဏကို တွက်ချက်ရန်အတွက် အခြား တန်ဖိုးဖြတ်နည်းလမ်းတစ်ခုခုကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ "တွက်ချက်မှုယူဆချက် များ" သည် တွက်ချက်မှုနည်းလမ်းများရှိ မသေချာမရေရာသော ကိန်းရှင်များကို ခန့်မှန်းရန်အတွက် အသုံးပြုသော အာမခံသင်္ချာပညာဆိုင်ရာ ယူဆချက်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။)

၃၃။ ထိုသို့တွက်ချက်ရာတွင် အခြားရွေးချယ်စရာနည်းလမ်း (alternative method) ဖြင့် တွက်ချက် ထားသော ပေါ်လစီလျာထားငွေပမာဏသည် စာပိုဒ် (၃၂) တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် တွက်ချက်ထားသော ပေါ်လစီလျာထားငွေနှင့် ညီမျှမည် သို့မဟုတ် ပို၍ကောင်းမွန်မည်ဟု မျှော်မှန်းပါက အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံသင်္ချာပညာရှင်က တာဝန်ခံလက်မှတ် ရေးထိုးရမည်။

**အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ပေးရန်ရှိလျော်ကြေးအတွက် လျာထားငွေ**

၃၄။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ပေးရန်လျော်ကြေးအတွက် လျာထားငွေသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် အာမခံလျော်ကြေးငွေ သို့မဟုတ် အကျိုးခံစားခွင့် ပေးချေရမည့် ငွေအား အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် အသုံးစရိတ်အဖြစ် မကျခံရသေးသော ပေးရန်ဖြစ်ပေါ်နေသည့် အာမခံလျော်ကြေးငွေနှင့် အကျိုးခံစားခွင့်ပေးချေရမည့်ငွေတို့အတွက် လိုအပ် သော စုစုပေါင်းပမာဏ ဖြစ်ရမည်။

၃၅။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ အစီရင်မခံရသေးသည့် လျော်ကြေးကျသင့်မှု (IBNR) ဆိုသည်မှာ ပေးချေရမည့် ဖြစ်ရပ်ပေါ်ပေါက်ပြီး အစီရင်ခံစာမရရှိသေးသော်လည်း အာမခံပေါ်လစီအရ ကျခံရမည့် ပေးချေမှုဖြစ်ရပ်တစ်ခုအဖြစ် အာမခံလုပ်ငန်းလုပ်ကိုင်သူက အကြောင်းအကျိုးခိုင်လုံစွာဖြင့် မျှော်မှန်းလျာထားသည့် အာမခံလျော်ကြေးငွေနှင့် အကျိုးခံစားခွင့်ပေးချေရမည့်ငွေတို့အတွက် လိုအပ်သော ပမာဏကို ဆိုသည်။

၃၆။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အစီရင်မခံရသေးသည့် လျော်ကြေးကျသင့်မှု (IBNR) တွက်ချက်ခြင်းသည် (a) မှ (j) အထိမှာ ဘဏ္ဍာရေးနှစ်အလိုက် အာမခံဆိုင်ရာ ဖြစ်ရပ်ဖြစ်ပေါ်ခြင်းနှင့် ၎င်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ အာမခံလုပ်ငန်းလုပ်ကိုင်သူသို့ အစီရင်ခံခြင်း တို့အတွက် လျော်ကြေးငွေနှင့်

အကျိုးခံစားခွင့်ပေးချေရမည့်ငွေ စုစုပေါင်း ပမာဏဖြစ်ပြီး ၎င်းအပေါ် အခြေခံ၍ (A) မှ (F) အထိ တွက်ချက်ပြီး ရရှိလာသည့် စုစုပေါင်းပမာဏ ဖြစ်သည်။

| | | အစီရင်ခံသည့်ဘဏ္ဍာရေးနှစ် (Reported financial year) | | | | | | |
|---|---|---|---|---|---|---|---|---|
| | | X-3 | X-2 | X-1 | X | X+1 | X+2 | X+3 |
| လျော်ကြေးပေါ်ပေါက်သည့်နှစ် (Incurred financial year) | X-3 | a | b | c | d | | | |
| | X-2 | | e | f | g | A= e*(d/a) | | |
| | X-1 | | | h | i | B= h*(c/a+g/e)/2 | C= h*(d/a) | |
| | X | | | | j | D= j*(b/a+f/e+i/h)/3 | E= j*(c/a+g/e)/2 | F= j*(d/a) |

မှတ်ချက်။ X-3 = ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၃ နှစ်

X-2 = ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂ နှစ်

X-1 = ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်

X = လက်ရှိ ဘဏ္ဍာရေးနှစ်

X+1 = နောက်လာမည့် ဘဏ္ဍာရေးနှစ်

X+2 = နောက်လာမည့် ဘဏ္ဍာရေးနှစ် ၂ နှစ်

X+3 = နောက်လာမည့် ဘဏ္ဍာရေးနှစ် ၃ နှစ်

၃၇။ အာမခံသင်္ချာပညာရှင်သည် အစီရင်မခံရသေးသည့် လျော်ကြေးကျသင့်မှု (IBNR) အား အထက်ပါ နည်းလမ်းများ အသုံးပြုတွက်ချက်ရန် မသင့်လျော်ကြောင်း ဆုံးဖြတ်ခဲ့လျှင် သို့မဟုတ် အထက်ပါ နည်းလမ်းများအား အသုံးပြုတွက်ချက်ထားသော အစီရင်မခံရသေးသည့် လျော်ကြေးကျသင့်မှု (IBNR) ပမာဏသည် အချက်အလက်များမလုံလောက်မှုကြောင့် ၀ (သုည) ဖြစ်သည်ဟု မျှော်မှန်းရသည့်အခါ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အစီရင်ခံသည့်နှစ်အတွင်း ပေးချေခဲ့သည့် လျော်ကြေးပမာဏ၏ ၂၅ ရာခိုင်နှုန်း (အမ်းငွေအကျိုးခံစားခွင့်နှင့် သက်တမ်းစေ့အကျိုးခံစားခွင့်များမှ အပ) သို့မဟုတ် အစီရင်ခံသည့်နှစ်၏ နောက်ဆုံးသုံးလအတွင်း ပေးချေခဲ့သည့် လျော်ကြေးပမာဏ (အမ်းငွေအကျိုးခံစားခွင့်နှင့် သက်တမ်းစေ့အကျိုးခံစားခွင့်များမှ အပ) တို့အနက် အများဆုံးပမာဏကို အစီရင်မခံရသေးသည့် လျော်ကြေးကျသင့်မှု (IBNR) အဖြစ် တွက်ချက်ရမည်။

၃၈။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အထက်တွင် သတ်မှတ်ထားသော ပေးရန်လျော်ကြေးလျာထားငွေများသည် အနာဂတ်တွင် တာဝန်ရှိမှုများကို လုံလောက်မှုမရှိနိုင်ဟု ယုံကြည်လျှင် အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ပေးရန်ရှိလျော်ကြေးလျာထားငွေများကို ထပ်မံတိုးမြှင့်မည်ဖြစ်ကြောင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။

၃၉။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ပေးရန်လျော်ကြေးလျာထားငွေများအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် အထက်တွင် သတ်မှတ်ထားသော နည်းလမ်းမှလွဲ၍ အခြားတွက်ချက်ခြင်းနည်းလမ်းများနှင့် ယူဆချက်များကို အသုံးပြု၍ တွက်ချက်ထားလျှင် အာမခံလုပ်ငန်း လုပ်ကိုင်သူသည် အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်း တင်ပြသည့်အချိန်တွင် အောက်ပါ အချက်အလက်များကို ဖော်ပြပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်-

(က) ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသည့် အခြားတွက်ချက်မှုနည်းလမ်းများကို အသုံးပြုလျှင် ယင်းတွက်ချက်မှုနည်းလမ်းများနှင့် တွက်ချက်မှုယူဆချက်များ၏ အမျိုးအမည်ကို ဖော်ပြရမည်။ (“တွက်ချက်မှုနည်းလမ်းများ” ဆိုသည်မှာ ပေးရန်လျော်ကြေးလျာထား ငွေပမာဏကို တွက်ချက်ရန် နိုင်ငံတကာ အသိအမှတ်ပြုထားသည့် အာမခံသင်္ချာပညာအသိုက်အဝန်းမှ ယေဘုယျအသုံးပြုသော တန်ဖိုးဖြတ်တွက်ချက်မှုနည်းလမ်းများဖြစ်ပြီး Loss Development method နှင့် Cumulative Paid Loss method စသည်တို့ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ "တွက်ချက်မှု ယူဆချက်များ" သည် တွက်ချက်မှုနည်းလမ်းများရှိ မသေချာမရေရာသော ကိန်းရှင်များကို ခန့်မှန်းရန်အတွက် အသုံးပြုသော အာမခံသင်္ချာပညာဆိုင်ရာယူဆချက်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ ) သို့မဟုတ်

(ခ) ယေဘုယျအားဖြင့် အသိအမှတ်မပြုထားသည့် အခြားတွက်ချက်မှုနည်းလမ်းများကို အသုံးပြုလျှင် တွက်ချက်မှုနည်းလမ်းများနှင့် တွက်ချက်မှုယူဆချက်များကို အကြောင်းအကျိုး ခိုင်မာစွာဖြင့် ဖော်ပြရမည်။ (“တွက်ချက်မှုနည်းလမ်းများ” သည် အပိုဒ်ခွဲ (က) တွင် အကျုံးမဝင်ပါက ပေးရန်လျော်ကြေးလျာထားငွေပမာဏကို တွက်ချက်ရန် အခြားတန်ဖိုးဖြတ် နည်းလမ်းတစ်ခုခုကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ "တွက်ချက်မှုယူဆချက်များ" သည် တွက်ချက်မှုနည်းလမ်းများရှိ မသေချာမရေရာသော ကိန်းရှင်များကို ခန့်မှန်းရန်အတွက် အသုံးပြုသော အာမခံသင်္ချာပညာဆိုင်ရာ ယူဆချက်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

၄၀။ ထိုသို့တွက်ချက်ရာတွင် အခြားရွေးချယ်စရာနည်းလမ်း (alternative method) ဖြင့် တွက်ချက်ထားသော ပေးရန်လျော်ကြေးလျာထားငွေပမာဏသည် စာပိုဒ် (၃၉) တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် တွက်ချက်ထားသော ပေါ်လစီလျာထားငွေနှင့် ညီမျှမည် သို့မဟုတ် ပို၍ကောင်းမွန် မည်ဟု

မျှော်မှန်းပါက အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံသင်္ချာပညာရှင်က တာဝန်ခံလက်မှတ်ရေးထိုးရမည်။

**အထွေထွေ အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ပေါ်လစီလျာထားငွေများ**

၄၁။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေအဖြစ်မသတ်မှတ်သည့် ပရီမီယံ လျာထားချက် (UPR) သည် ဘဏ္ဍာရေးနှစ်အကုန်၌ စုစုပေါင်းပရီမီယံဝင်ငွေ၏ အစိတ်အပိုင်းအဖြစ် သက်တမ်းမကုန်ဆုံးသေးသောပေါ်လစီကို တွက်ချက်ထားသည့် ပရီမီယံပမာဏဖြစ်သည်။

၄၂။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျာထားချက် (UPR) ကို သက်တမ်းရှိသည့်ရက်ဖြင့် အခြေခံပြီး တွက်ချက်ရာတွင် (၃၆၅) ရက် နည်းလမ်းအား အသုံးပြု၍ တွက်ချက်ရမည်။ သို့ရာတွင် ပုံသေသတ်မှတ်၍မရသည့် အာမခံထားရှိမှု ကာလဖြစ်သော ရေကြောင်းအာမခံပေါ်လစီအတွက် ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျာထားချက် (UPR) သည် အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်ရှိ ပေါ်လစီများ၏ မူလပရီမီယံဝင်ငွေ၏ ၃၅ ရာခိုင်နှုန်း ဖြစ်ရမည်။

၄၃။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူသည် အထက်တွင် သတ်မှတ်ထားသော ပေါ်လစီ လျာထားငွေများသည် အနာဂတ်တွင် တာဝန်ရှိမှုများကို လုံလောက်မှုမရှိနိုင်ဟု ယုံကြည်လျှင် အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူသည် ပေါ်လစီလျာထားငွေများကို ထပ်မံတိုးမြှင့်မည် ဖြစ်ကြောင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။

၄၄။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ပေါ်လစီလျာထားငွေများအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် အထက်တွင် သတ်မှတ်ထားသော နည်းလမ်းမှလွဲ၍ အခြားတွက်ချက်ခြင်း နည်းလမ်းများနှင့် ယူဆချက်များကို အသုံးပြု၍ တွက်ချက်ထားလျှင် အာမခံလုပ်ငန်း လုပ်ကိုင်သူသည် အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်း တင်ပြသည့်အချိန်တွင် အောက်ပါ အချက်အလက်များကို ဖော်ပြပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည် -

(က) ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသည့် အခြားတွက်ချက်မှုနည်းလမ်းများကို အသုံးပြုလျှင် ယင်းတွက်ချက်မှုနည်းလမ်းများနှင့် တွက်ချက်မှုယူဆချက်များ၏ အမျိုးအမည်ကို ဖော်ပြရမည်။ (“တွက်ချက်မှုနည်းလမ်းများ” ဆိုသည်မှာ ပေါ်လစီ လျာထားငွေပမာဏကို တွက်ချက်ရန် နိုင်ငံတကာအသိအမှတ်ပြုထားသည့် အာမခံ သင်္ချာပညာအသိုက်အဝန်းမှ ယေဘုယျအသုံးပြုသော တန်ဖိုးဖြတ်တွက်ချက်မှု နည်းလမ်းများဖြစ်ပြီး Pro Rata method နှင့် Unearned Risk Reserve method စသည်တို့ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ "တွက်ချက်မှုယူဆချက်များ" သည် တွက်ချက်မှုနည်းလမ်းများရှိ မသေချာမရေရာသော ကိန်းရှင်များကို ခန့်မှန်းရန်အတွက်

အသုံးပြုသော အာမခံသင်္ချာပညာဆိုင်ရာ ယူဆချက်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။) သို့မဟုတ်

(ခ) ယေဘုယျအားဖြင့် အသိအမှတ်မပြုထားသည့် အခြားနည်းလမ်းများကို အသုံးပြုလျှင် တွက်ချက်မှုနည်းလမ်းများကို အကြောင်းအကျိုး ခိုင်မာစွာဖြင့် ဖော်ပြရမည်။ ("တွက်ချက်မှုနည်းလမ်းများ" သည် အပိုဒ်ခွဲ (က) တွင် အကျုံးမဝင်ပါက ပေါ်လစီ လျာထားငွေပမာဏကို တွက်ချက်ရန် အခြားတန်ဖိုးဖြတ်နည်းလမ်းတစ်ခုခုကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ "တွက်ချက်မှုယူဆချက်များ" သည် တွက်ချက်မှု နည်းလမ်းများရှိ မသေချာမရေရာသော ကိန်းရှင်များကို ခန့်မှန်းရန်အတွက် အသုံးပြုသော အာမခံသင်္ချာပညာဆိုင်ရာယူဆချက်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။)

၄၅။ ထိုသို့တွက်ချက်ရာတွင် အခြားရွေးချယ်စရာနည်းလမ်း (alternative method) ဖြင့် တွက်ချက်ထားသော ပေါ်လစီလျာထားငွေပမာဏသည် စာပိုဒ် (၄၄) တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် တွက်ချက်ထားသော ပေါ်လစီလျာထားငွေနှင့် ညီမျှမည် သို့မဟုတ် ပို၍ကောင်းမွန်မည်ဟု မျှော်မှန်းပါက အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံသင်္ချာပညာရှင်က တာဝန်ခံလက်မှတ်ရေးထိုးရမည်။

**အထွေထွေ အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ပေးရန်ရှိလျော်ကြေးအတွက် လျာထားငွေ**

၄၆။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ပေးရန်လျော်ကြေးအတွက် လျာထားငွေသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် အာမခံလျော်ကြေးငွေ သို့မဟုတ် အကျိုးခံစားခွင့် ပေးချေရမည့်ငွေ အနေဖြင့် အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် အသုံးစရိတ်အဖြစ် မကျခံရသေးသော ပေးရန်ဖြစ်ပေါ်နေသည့် အာမခံလျော်ကြေးငွေနှင့် အကျိုးခံစားခွင့်ပေးချေရမည့်ငွေ တို့အတွက် လိုအပ်သော စုစုပေါင်းပမာဏ ဖြစ်ရမည်။

၄၇။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ အစီရင်မခံရသေးသည့် လျော်ကြေး ကျသင့်မှု (IBNR) သည် ပေးချေရမည့် ဖြစ်ရပ်ပေါ်ပေါက်ပြီး အစီရင်ခံစာ မရရှိသေးသော်လည်း အာမခံပေါ်လစီ အရ ကျခံရမည့် ပေးချေမှုဖြစ်ရပ်တစ်ခုအဖြစ် အာမခံလုပ်ငန်းလုပ်ကိုင်သူက အကြောင်းအကျိုး ခိုင်လုံစွာဖြင့် မျှော်မှန်းလျာထားသည့် အာမခံလျော်ကြေးငွေနှင့် အကျိုးခံစားခွင့် ပေးချေရမည့်ငွေ တို့အတွက် လိုအပ်သောပမာဏဖြစ်သည်။

၄၈။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ အစီရင်မခံရသေးသည့် လျော်ကြေး ကျသင့်မှု (IBNR) ကို အောက်ပါနည်းလမ်းများအပေါ် အခြေခံ၍ အာမခံအမျိုးအစားအလိုက်နှင့် ဘဏ္ဍာရေးနှစ် အလိုက် တွက်ချက်ရမည်-

(က) တွက်ချက်သည့်နည်းလမ်းသည် ချိတ်ဆက်တွက်ချက်သည့်နည်းလမ်း (Chain Ladder Method) ဖြစ်ရမည်။

(ခ) အာမခံလျော်ကြေးတောင်းခံမှုနှင့် အကျိုးခံစားခွင့် ပေးချေမှုများသည် ၁၀ နှစ် အတွင်း ပြီးစီးရန် မျှော်မှန်းထားရမည်။

(ဂ) ပေးချေရန် စုစုပေါင်းလျော်ကြေးတောင်းခံမှုများကို တွက်ချက်ခြင်းအတွက် ဆုံးရှုံးမှု တွက်ချက်သည့် ညွှန်းကိန်း၏ ခန့်မှန်းတန်ဖိုးသည် မတော်တဆဖြစ်ပွားသည့် အနီးစပ်ဆုံး သုံးနှစ်ကို အသုံးပြု၍ ကုန်လွန်သွားမည့် နှစ်အလိုက်တွက်ချက်ထားသည့် တန်ဖိုးဖြစ်ရမည်။

(ဃ) အစီရင်မခံရသေးသည့် လျော်ကြေးကျသင့်မှု (IBNR) သည် ပေးရန်ရှိသည့် စုစုပေါင်း လျော်ကြေးမှ လျော်ကြေးလျာထားငွေကို နုတ်ယူထားသည့် ပမာဏထက် များရမည် သို့မဟုတ် သုညဖြစ်ရမည်။

၄၉။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူသည် ၎င်း၏ ပေးရန်ရှိသော လျော်ကြေးတောင်းခံမှု အတွက် အနာဂတ်တာဝန်ရှိမှုများကို အကျုံးဝင်ရန် လုံလောက်မှုမရှိနိုင်ဟု ယုံကြည်နေပါလျှင် အာမခံ လုပ်ငန်းလုပ်ကိုင်သူသည် ၎င်း၏ ပေါ်လစီသီးသန့်ငွေထားရှိမှုများကို ထပ်မံတိုးမြှင့်မည်ဖြစ်ကြောင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။

၅၀။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ပေးရန်လျော်ကြေးလျာထားငွေများ အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် အထက်တွင် သတ်မှတ်ထားသော နည်းလမ်းမှလွဲ၍ အခြား တွက်ချက်မှုနည်းလမ်းများနှင့် ယူဆချက်များကို အသုံးပြု၍ တွက်ချက်ထားလျှင် အာမခံလုပ်ငန်း လုပ်ကိုင်သူသည် အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်းများ တင်ပြသည့်အချိန်တွင် အောက်ပါ အချက်အလက်များကို ဖော်ပြပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်-

(က) ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသည့် အခြားတွက်ချက်မှုနည်းလမ်းများကို အသုံးပြုလျှင် ယင်းတွက်ချက်မှုနည်းလမ်းများနှင့် တွက်ချက်မှုယူဆချက်များ၏ အမျိုးအမည်ကို ဖော်ပြရမည်။ ("တွက်ချက်မှုနည်းလမ်းများ" ဆိုသည်မှာ ဘွန်းဟူရက်တာဖာဂူဆန်နည်းလမ်း **(Bornhuetter-Ferguson method)** ကဲ့သို့သော ပေးရန်လျော်ကြေးလျာထားငွေပမာဏကို တွက်ချက်ရန် နိုင်ငံတကာအသိအမှတ် ပြုထားသည့် အာမခံသင်္ချာပညာအသိုက်အဝန်းမှ ယေဘုယျအသုံးပြုသော တန်ဖိုးဖြတ်တွက်ချက်မှု နည်းလမ်းများကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ "တွက်ချက်မှု ယူဆချက်များ" သည် တွက်ချက်မှုနည်းလမ်းများရှိ မသေချာမရေရာသော ကိန်းရှင်များကို ခန့်မှန်းရန်အတွက် အသုံးပြုသော အာမခံသင်္ချာပညာဆိုင်ရာ ယူဆချက် များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။) သို့မဟုတ်

(ခ) ယေဘုယျအားဖြင့် အသိအမှတ်မပြုထားသည့် အခြားတွက်ချက်မှုနည်းလမ်းများကို အသုံးပြုလျှင် တွက်ချက်မှုနည်းလမ်းများနှင့် တွက်ချက်မှုယူဆချက်များကို အကြောင်းအကျိုး ခိုင်မာစွာဖြင့် ဖော်ပြရမည်။ ("တွက်ချက်မှုနည်းလမ်းများ" သည် အပိုဒ်ခွဲ (က) တွင် အကျုံးမဝင်ပါက ပေးရန်လျော်ကြေးလျာထားငွေပမာဏကို တွက်ချက်ရန် အခြားတန်ဖိုးဖြတ် နည်းလမ်းတစ်ခုခုကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ "တွက်ချက်မှုယူဆချက်များ" သည် တွက်ချက်မှုနည်းလမ်းများရှိ မသေချာမရေရာသော ကိန်းရှင်များကို ခန့်မှန်းရန်အတွက် အသုံးပြုသော အာမခံသင်္ချာပညာဆိုင်ရာ ယူဆချက်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။)

၅၁။ ထိုသို့တွက်ချက်ရာတွင် အခြားရွေးချယ်စရာနည်းလမ်း (alternative method) ဖြင့် တွက်ချက်ထားသော ပေးရန်လျော်ကြေးလျာထားငွေပမာဏသည် စာပိုဒ် (၅၀) တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် တွက်ချက်ထားသော ပေါ်လစီလျာထားငွေနှင့် ညီမျှမည် သို့မဟုတ် ပို၍ကောင်းမွန်မည်ဟု မျှော်မှန်းပါက အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ အာမခံသင်္ချာပညာရှင်က တာဝန်ခံလက်မှတ်ရေးထိုးရမည်။

**အာမခံရန်ပုံငွေများ ထူထောင်ထားရှိခြင်း**

၅၂။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီအရ အာမခံပေါ်လစီပိုင်ရှင် (policyholder) အား အမြတ်ဝေစုခွဲဝေမည့် အာမခံအမျိုးအစား (participating policy) ကို ရောင်းချသည့်အခါ နှင့်/သို့မဟုတ် အာမခံပေါ်လစီပိုင်ရှင်အား တစ်သက်တာအာမခံ (universal life insurance) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ချိတ်ဆက်ထားသော အာမခံ (unit-linked insurance) ကဲ့သို့သော ပရီမီယံများအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းမှ ဖြစ်ပေါ်လာသည့် အရှုံး၊ အမြတ်အပေါ်မူတည်ပြီး အာမခံလျော်ကြေးနှင့် အကျိုးခံစားခွင့်ပေးချေသည့် အာမခံအမျိုးအစားများကို ရောင်းချသည့်အခါ အောက်ပါအတိုင်း သက်ဆိုင်ရာဘဏ္ဍာနှစ်မှစ၍ သီးခြားအာမခံရန်ပုံငွေများကို ထူထောင်ထားရှိရမည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့်မချိတ်ဆက်သော participating policy ရန်ပုံငွေ

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်မချိတ်ဆက်သော non-participating policy ရန်ပုံငွေနှင့်

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်ချိတ်ဆက်သော ရန်ပုံငွေ

၅၃။ အပိုဒ် ၅၂ တွင် သတ်မှတ်ထားသော လိုအပ်ချက်များသည် အာမခံလုပ်ငန်း လုပ်ကိုင်သူက အာမခံထားရှိသူအား အမြတ်ဝေစုခွဲဝေပေးသည့် ပေါ်လစီများ (participating policies) သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ချိတ်ဆက်သော ပေါ်လစီအား စတင်မရောင်းချမီ သီးခြားအာမခံ ရန်ပုံငွေ ထူထောင်ထားရှိနိုင်သည်။

၅၄။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် သတ်မှတ်ထားသော အာမခံရန်ပုံငွေအသီးသီး၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်ရှိမှုများကို သီးခြားထားရှိရမည်။

၅၅။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံရန်ပုံငွေနှင့်သက်ဆိုင်သည့် ဝင်ငွေနှင့် အသုံးစရိတ်များကို အာမခံရန်ပုံငွေနှင့်ဆက်စပ်၍ ကျခံရမည့် အမှန်ဝင်ငွေနှင့် အသုံးစရိတ်များအပေါ် အခြေခံ၍ တွက်ချက်ရမည်။

၅၆။ ရင်းနှီးမြှုပ်နှံမှုနှင့် မချိတ်ဆက်သောရန်ပုံငွေ၏ ပိုငွေကို အောက်ပါနည်းလမ်းတစ်မျိုးဖြင့်သော်လည်းကောင်း၊ နှစ်မျိုးလုံးဖြင့်သော်လည်းကောင်း ခွဲဝေပေးရမည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့်မချိတ်ဆက်သော (participating and non-participating policy) ရန်ပုံငွေမှ ရှယ်ယာရှင်ရန်ပုံငွေသို့ လွှဲပြောင်းခြင်း၊ သို့မဟုတ်

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်မချိတ်ဆက်သော (participating policy) ရန်ပုံငွေမှ အာမခံပေါ်လစီပိုင်ရှင်၏ အမြတ်ဝေစုအား ရန်ပုံငွေနှင့်သက်ဆိုင်သည့် ပေါ်လစီများသို့ လွှဲပြောင်းပေးခြင်း။

၅၇။ အာမခံသင်္ချာပညာရှင်က ရင်းနှီးမြှုပ်နှံမှုနှင့်မချိတ်ဆက်သော (participating policy) ရန်ပုံငွေ၏ ပိုငွေကို ရှယ်ယာရှင်ရန်ပုံငွေသို့လွှဲပြောင်းရန် ထောက်ခံသည့်အခါ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ယင်းရန်ပုံငွေခွဲဝေနိုင်သည့် ပိုငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်သော ပမာဏကို ရှယ်ယာရှင် ရန်ပုံငွေသို့ လွှဲပြောင်းခြင်းမပြုရ။

**အာမခံပေါ်လစီပိုင်ရှင် အမြတ်ဝေစုများအတွက် သီးသန့်လျာထားငွေ စာရင်းသွင်းရန် တာဝန်ရှိမှု**

၅၈။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီပိုင်ရှင်အား အမြတ်ဝေစုခွဲဝေပေးမည့် ပေါ်လစီ ရောင်းချသည့်အခါ ယင်းပေါ်လစီရန်ပုံငွေ၏ ပိုငွေမှ အာမခံပေါ်လစီပိုင်ရှင်သို့ ခွဲဝေပေးမည့် အမြတ်ဝေစုများအတွက် အသုံးပြုနိုင်ရန် အာမခံဆိုင်ရာ အခြားလျာထားငွေအနေဖြင့် ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်း၏ ပေးရန်ရှိမှုအပိုင်းတွင် အာမခံပေါ်လစီပိုင်ရှင်၏ အမြတ်ဝေစုပေးချေရန်အတွက် သီးသန့်လျာထားငွေအဖြစ် စာရင်းသွင်းရမည်။

၅၉။ အာမခံပေါ်လစီပိုင်ရှင် အမြတ်ဝေစုများအတွက် သီးသန့်လျာထားငွေသည် ဘဏ္ဍာရေးနှစ်အကုန်တွင် အာမခံပေါ်လစီပိုင်ရှင်ထံ ခွဲဝေပေးမည့် ပမာဏနှင့် တူညီရမည်။ ယင်းသီးသန့်လျာထားငွေတွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အမြတ်အပေါ်အခြေခံပြီး ခွဲဝေပေးရမည့် အာမခံပေါ်လစီပိုင်ရှင်၏ အမြတ်ဝေစုပါဝင်သည်။

၆၀။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီပိုင်ရှင်၏ အမြတ်ဝေစုကို ခွဲဝေပေးသည့်အခါ အောက်ပါအချက်အလက်များကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနထံသို့ ကြိုတင်၍ အကြောင်းကြားရမည်-

(က) အာမခံပေါ်လစီပိုင်ရှင်၏ အမြတ်ဝေစုများအတွက် သီးသန့်လျာထားငွေ တွက်ချက်မှု နည်းလမ်းနှင့် ဆက်စပ်သောကိစ္စရပ်များနှင့်

(ခ) အာမခံပေါ်လစီပိုင်ရှင်၏ အမြတ်ဝေစုများကို တွက်ချက်ခြင်းနည်းလမ်းနှင့် ဆက်စပ်သော ကိစ္စရပ်များ။

၆၁။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အာမခံပေါ်လစီပိုင်ရှင်၏ အမြတ်ဝေစုခွဲဝေပေးသည့်အခါတွင် အာမခံပေါ်လစီပိုင်ရှင်ထံ ခွဲဝေပေးရမည့် ပမာဏကို အာမခံပေါ်လစီ၏ သွင်ပြင်လက္ခဏာအပေါ် မူတည်၍ ဖြစ်ပေါ်လာသည့် အာမခံပေါ်လစီပိုင်ရှင်၏ အမြတ်ဝေစုအမျိုးမျိုးအပေါ် အမျိုးအစားတစ်ခုစီ အလိုက် ထူထောင်ထားသည့် အမြတ်ဝေစုကို အခြေခံပြီး သင့်တင့်မျှတစွာ ခွဲဝေပေးနိုင်ရန် တွက်ချက်ရမည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ချိတ်ဆက်သော ရန်ပုံငွေ**

၆၂။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အခြားရရန်ပိုင်ခွင့်အားလုံးထဲမှ ရင်းနှီးမြှုပ်နှံမှုနှင့် ချိတ်ဆက်သောရန်ပုံငွေ၏ ရရန်ပိုင်ခွင့်များကို သီးခြားထားရှိရမည်။

၆၃။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် အောက်ပါကိစ္စရပ်များမှလွဲ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ချိတ်ဆက် သော ရန်ပုံငွေ၏ ရရန်ပိုင်ခွင့်များနှင့် အခြားရရန်ပိုင်ခွင့်များအကြား၌ အပြန်အလှန် စာရင်းလွှဲပြောင်း ခြင်း မပြုလုပ်ရ-

(က) အာမခံပေါ်လစီများအပေါ် အခြေခံပြီး ပရီမီယံကောက်ခံခြင်း၊ အာမခံလျော်ကြေးငွေနှင့် အကျိုးခံစားခွင့်များပေးချေရမည့်ငွေ ကဲ့သို့သော လွှဲပြောင်းခြင်း သို့မဟုတ်

(ခ) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနထံသို့ ကြိုတင်ခွင့်ပြုချက်ရယူထားသည့် လွှဲပြောင်းမှုများ။

၆၄။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ရင်းနှီးမြှုပ်နှံမှုနှင့်ချိတ်ဆက်သော ရန်ပုံငွေရှိ ဝင်ငွေနှင့် အသုံးစရိတ်စာရင်း ခြားနားငွေကို ရင်းနှီးမြှုပ်နှံမှုနှင့်ချိတ်ဆက်သောရန်ပုံငွေရှိသည့် အာမခံ ပေါ်လစီများ အတွက် အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ (actuarial provisions) အဖြစ် တွက်ချက်လျာထားရမည်။

**အသွင်ကူးပြောင်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ**

၆၅။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက်အမှတ် ၂/၂၀၁၇ ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၆၆။ အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်းတွင် ညွှန်ကြားချက်အမှတ် ၂/၂၀၁၇ ကို လွှမ်းမိုး ပယ်ဖျက်လိုက်ခြင်းနှင့် ဤညွှန်ကြားချက် (**ဥပမာ- ဤညွှန်ကြားချက်၏ အပိုဒ် ၇ တွင် ဖော်ပြထားသော**

**လက်ရှိအချိန်ထိ တည်မြဲနေသည့် အာမခံပေါ်လစီများအတွက် အာမခံဆိုင်ရာ လျာထားချက် (Technical Provisions) အသစ်အနေအဖြစ် ဆောင်ရွက်ခြင်းနှင့် အပိုဒ် ၉ တွင် ဖော်ပြထားသော အမျိုးမျိုးသော ရန်ပုံငွေအတွက် ဆောင်ရွက်ခြင်းများ)** အား အကောင်အထည်ဖော်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုတို့ကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (IFRS) နှင့်အညီ ဆောင်ရွက်ရမည်။

၆၇။ ဤညွှန်ကြားချက်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစ၍ သက်ရောက်မှုရှိသည်။

၆၈။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲရမည့်ကာလသည် ဘဏ္ဍာရေးနှစ်ပြောင်းလဲမှုကြောင့် တစ်နှစ်ထက်လျော့နည်းသည့် အခြေအနေ သို့မဟုတ် အခြားအကြောင်းအရာများကြောင့် အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရာတွင် တွက်ချက်ရန် ခက်ခဲသည့် အပိုင်းများကို ရွေးချယ်၍ ယင်း၏ ကိန်းဂဏန်းများကို တင်ပြခြင်းမပြုဘဲ ချန်လှပ်ထားနိုင်သည်။

၆၉။ မြန်မာ့အာမခံဥပဒေအရ တည်ထောင်ထားသည့် မြန်မာ့အာမခံလုပ်ငန်းသည် IFRS ကို လိုက်နာရန် အဆင်သင့်ဖြစ်သောအခါတွင် ဤညွှန်ကြားချက်နှင့် သက်ဆိုင်စေရမည်။

(မင်းထွဋ်)
ဥက္ကဋ္ဌ
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ FRD / IBRB ( ၇၈၁ / ၂၀၂၄ )
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ
မြန်မာ့အာမခံလုပ်ငန်း
မြန်မာနိုင်ငံအာမခံအသင်း
အာမခံကုမ္ပဏီများအားလုံး
မြန်မာနိုင်ငံဘဏ်များအသင်း

အမိန့်အရ

၂၈၊၁၂၊၂၀၂၄

(ဇော်နိုင်)
အတွင်းရေးမှူး
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့